# ကောက်နုတ်ထားသော သတင်းခေါင်းစဉ်များ

(No, 49.December ,6 2019)

၁။ ဖွဲ့စည်းပုံပြင်ရေး လက်ရှိလွှတ်တော်သက်တမ်းမှာ လုပ်ဆောင်မည်

၂။ ICJ တရားရင်ဆိုင်ပါက သက်သေ ထောက်ထား နိုင်လုံမှု ထည့်တွက်ရန် လိုအပ်

၃။ ICJ အမှုနှင့် ICC စုံစမ်းဖော်ထုတ်မှု ကိစ္စရပ်အပေါ် ကရင်အဖွဲ့အစည်း ၄၀ ကျော်က ထောက်ခံ ကြိုဆို

၄။ မွန်ပြည်သစ်နှင့် ရတာခဏျူဟာမှူး ဆွေးနွေးမှုအဖြေမထွက်ဘဲ ဂျပန်ရေတွင်းမှာ ဆက်လက်တပ်စွဲထား

၅။ အပစ်အခတ်ရပ်စဲရေးဖြစ်စဉ်တွင် လူထုပါဝင်ခွင့်ပြုရန် ကချင်အရပ်ဖက်အဖွဲ့အစည်းများတောင်းဆို

၆။ ရေယာဉ်ခြောက်စင်းကို AA တိုက်ခိုက်

၇။ တောင်ကြီးခရိုင်အတွင်း ဘိန်းခင်း ဧက ၉၀၀ ကျော် ဖျက်ဆီး

၈။ မူလတန်းပြ ဆရာမ အသတ်ခံရမှုအတွက် တရားဥပဒေစိုးမိုးရေး အတွက်ဆန္ဒထုတ်ဖော်

၉။ ငှက်ပျောခြံအတွင်းတရားမဝင်လုပ်ကိုင်နေသော တရုတ်နိုင်ငံသားများကို စီစစ်ရန် လုံခြုံရေးအရ ခက်ခဲနေ

၁၀။ ပြီးခဲ့သည့်သန်းခေါင်ယံ ဂျပန်ရေတွင်းပစ်ခတ်မှုဖြစ်စဉ်တွင် မွန်ပြည်သစ်ပါဝင်ပတ်သက်ခြင်းမရှိဘဲ တပ်နှင့် BGF တိုက်ပွဲအတုဖန်တီးမှုဖြစ်နိုင်သလို အချင်းချင်းများယွင်းပစ်ခတ်နိုင်သည်ဟုဆို

၁၁။ အစိုးရတပ်မတော်နှင့် KIA လိုင်ဇာဌာနချုပ်အနီး တိုက်ပွဲဖြစ်

၁၂။ ဒေါ်နအရှေ့ခြမ်း၌ ကလေးအခွင့်အရေး ကာကွယ်စောင့်ရှောက်မှု ယန္တရားတစ်ခုပေါ်ပေါက်လာရေး CPPCR လုပ်ဆောင်သွားမည်

၁၃။ ယခုနှစ်မှစတင်ကာ အခြေခံပညာအထက်တန်းပြီးဆုံးကြောင်း လက်မှတ်ပေးရန် စီစဉ်နေ

၁၄။ AA အဖွဲ့မှ ချင်းပြည်နယ်၏ ဒေသဖွံ့ဖြိုးမှုကို မလိုလားသည့် စိတ်ဓာတ်ပေါ်လွင်နေဟု စည်ပင်ဝန်ကြီး ဦးစိုးထက်မှပြော

၁၅။ နန်ကျင်စီမံကိန်း လယ်ယာမြေနစ်နာကြေးမရပါက လူထုဆန္ဒဖော်ထုတ်သွားမည်ဟုဆို

၁၆။ လွှတ်တော်ကိုယ်စားလှယ် ဦးဟေ့တင်းအား ပြန်လွှတ်မပေးပဲ ဆက်လက်ထိန်းသိမ်းထားမည်ဟု AA ပြောရေးဆိုခွင့်ရှိသူပြော

၁၇။ မွန်ပြည်နယ်အဆင့် ကရင်နှစ်သစ်ကူးပွဲတော်ကို ဘီးလင်းမြို့နယ်တွင် ကျင်းပမည်

၁၈။ ရွှေတူးဖော်မှုကြောင့် နားဟိုင်းလုံရွာသားတချို့ နေအိမ်ပြောင်းရွှေ့ရ

၁၉။ နိုင်ငံတကာအနေနဲ့ မြန်မာလူထု နစ်နာအောင်မလုပ်ဖို့ ကာဒီနယ်လ် ချားလ်စ်ဘို ပန်ကြား

၂၀။ ကသည်းလက်နက်ကိုင်အကြောင်း မေးခွန်းမေးဖူးတဲ့ အမတ်အိမ် လက်ပစ်ဗုံးပစ်ခံရ

၂၁။ ပြည်တွင်း အခွန်များဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အခွန် ကျပ် ၆၇၄၈ ဘီလျံကျော် ကောက်ခံရရှိခဲ့ပြီး တစ်နှစ်အတွင်း အခွန်လျာထားချက်ထက် ၈ ဒသမ ၁၇ ရာခိုင်နှုန်း ပိုမိုကောက်ခံနိုင်

၂၂။ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုရှင်သန်လာရေး မနေအမျိုးသားနေ့ အခမ်းအနားပြုလုပ်

၂၃။ ကချင်ဒေသ တစ်သျှူးငှက်ပျော စိုက်ပျိုးမှု ထိန်းချုပ်ရေးအဆို လွှတ်တော် လက်ခံ

၂၄။ မိုင်းဖုန်းဘုန်းကြီးကျောင်းတွင် ဆွမ်းကပ်ပြီးအပြန် ကားမောင်းလာသည့် အမျိုးသမီး သေနတ်ပစ်ခံရ

၂၅။ ပြည်ထောင်စုအဆင့် ခွင့်ပြုမှသာချင်းပြည်နယ်၏ နယ်နိမိတ်ကိစ္စများကိုဖြေရှင်းပေးနိုင်မည်ဟုဆို

၂၆။ မွန်ပြည်နယ်တွင် လူငယ် ၄၀ ရာခိုင်နှုန်းကျော်ခန့် မူးယစ်ဆေး အသုံးပြုနေဟု မော်လမြိုင်ယူနီဖိုင်းအဖွဲ့ဆို

၂၇။ ဝိုင်းမော်တွင် KIA နှင့် တပ်မတော် တိုက်ပွဲဖြစ် ၊ အခြေပြုစခန်းမှ အလောင်း ၁ လောင်းနှင့် KIA ထုတ် ရှော့ခ်တိုက်ဒုံး အပါအဝင် လက်နက်ခဲယမ်းများ သိမ်းမိဟုဆို

************

## ၁။ ဖွဲ့စည်းပုံပြင်ရေးလက်ရှိလွှတ်တော်သက်တမ်းမှာ လုပ်ဆောင်မည်

December, 3, 2019

ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး ဒီသက်တမ်း အတွင်းပဲ အပြီးဆောင်ရွက်သွားမယ်လို့ ဒီနေ့ကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ လွှတ်တော်ကို အသိပေး ပြောကြားလိုက်တာပါ။

ဖွဲ့စည်းပုံပြင်ဆင်ရေးနဲ့ ပတ်သက်ပြီး လွှတ်တော်တွင်းမှာ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေး ပါတီက လွှတ်တော်ကိုယ်စားလှယ်တချို့က ဆွေးနွေးရာမှာ ဖွဲ့စည်းပုံပြင်ဆင်ရေးကို လက်ရှိဒုတိယလွှတ်တော် သက်တမ်း အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်မလားဆိုတာကို အကြိမ်ကြိမ်မေးခွန်းထုတ်ခဲ့ပါတယ်။ ဒီလိုမေးခွန်းထုတ် ဆွေးနွေးမှုတွေနဲ့ ပတ်သက်ပြီး ဒီနေ့ကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က အခု ဒုတိယသက်တမ်းအတွင်းမှာပဲ အပြီးဆောင်ရွက်မဲ့အကြောင်း လွှတ်တော်ကို အသိပေး ပြောကြားခဲ့တာဖြစ်ပါတယ်။

NLD ပါတီ ကိုယ်စားလှယ်အများစုဦးဆောင်တဲ့ ဖွဲ့စည်းပုံပြင်ဆင်ရေး ၄၅ ဦး ပူးပေါင်းကော်မတီကတော့ ၂၀၀၈ ဖွဲ့စည်းပုံထဲက စုစုပေါင်း အချက်ပေါင်း ၃၇၆၅ ချက်ကို ပြင်ဆင်လိုတဲ့အတွက် တိုင်းရင်းသားပါတီတွေနဲ့ ညှိနှိုင်းနေပြီး အခုနှစ်ကုန်ဒါမှမဟုတ် လာမယ့် ၂၀၂၀ ဇန်နဝါရီမှာ မူကြမ်းတစ်စောင် ရေးဆွဲတင်သွင်းနိုင်ဖို့ ကြိုးစားနေတာ ဖြစ်ပါတယ်။ https://www.rfa.org/burmese/news/constitutional-amendment-12032019072500.html

**********

## ၂။ ICJ တရားရင်ဆိုင်ပါက သက်သေ ထောက်ထား ခိုင်လုံမှု ထည့်တွက်ရန် လိုအပ်

December 3, 2019

မြန်မာ အစိုးရ အနေဖြင့် အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) တရားရင်ဆိုင်မည့် ဆိုပါက သက်သေ အထောက်အထား ခိုင်လုံမှု ထည့်တွက်ရန် လိုအပ်ကြောင်း ဗိုလ်ချုပ်ကြီး ယွက်စစ် က ပြောကြားလိုက်သည်။

အဆိုပါ ပြောဆိုချက်သည် ယမန်နေ့ ဒီဇင်ဘာ ၂ ရက် တနိုင်ငံလုံး ဆိုင်ရာပစ်ခတ်ရပ်စဲရေး သဘောတူညီ စာချုပ် (NCA) လက်မှတ်ရေးထိုးသည့် အဖွဲ့ ၁၀ ဖွဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေး တွင် ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) တွင် မြန်မာနိုင်ငံကို ဂမ်ဘီယာ နိုင်ငံ ၏ တရားစွဲဆိုခြင်း အားရင်ဆိုင် ဖြေရှင်း ရေး အတွက် အစိုးရ နှင့် တပ်မတော် ပူးပေါင်း လုပ်ဆောင်မည် ကိစ္စသည် အစိုးရ ၏ တာဝန်ယူမှု ၊တာဝန်ခံ မှု ကို ပြသခြင်းဖြစ်သည် ဟု PPST ယာယီ အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ယွက်စစ် က ပြောသည်။

ထို့ပြင် တရား ရုံးတွင် တိကျမှန်ကန်သော အချက်အလက်အပြည့်အစုံဖြင့် ဆုပ်ကိုင်ဖြေရှင်းနိုင်ရန် အတွက် အခိုင်အမာ အချက်အလက်များကို ဘက်ပေါင်းစုံ ယူဆောင်သွားသင့်ကြောင်းလည်း သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) က ဒီဇင်ဘာ ၁ရက် တွင် သဘောထားအမြင် ထုတ်ပြန် ခဲ့သည်။ https://burmese.shannews.org/archives/14795

*************

## ၃။ ICJ အမှုနှင့် ICC စုံစမ်းဖော်ထုတ်မှု ကိစ္စရပ်အပေါ် ကရင်အဖွဲ့အစည်း၄၀ ကျော်က ထောက်ခံ ကြိုဆို

December 4, 2019

အပြည်ပြည်ဆိုင်ရာ တရားရုံး-ICJ တွင် မြန်မာနိုင်ငံရင်ဆိုင်သွားရမည့်အမှုနှင့် နိုင်ငံတကာ ရာဇဝတ်ခုံရုံး-ICC ၏ စုံစမ်းဖော်ထုတ်မှုအပေါ် ကမ္ဘာအနှံ့ရှိ ကရင်အဖွဲ့အစည်းပေါင်း ၄၀ ကျော်မှ ကြိုဆိုထောက်ခံကြောင်း ဒီဇင်ဘာ ၂ ရက်နေ့က ထုတ်ပြန်ကြေညာလိုက်သည်။

နိုင်ငံတကာရောက် ကရင်လူမှုအဖွဲ့အစည်းများနှင့် နယ်စပ်ဒေသအခြေစိုက် ကရင်လူမှုအဖွဲ့အစည်းပေါင်း ၄၈ ဖွဲ့ ပါဝင်ထောက်ခံထားသည့် အဆိုပါ ထုတ်ပြန်ချက်တွင် Genocide Convention ချိုးဖောက်ခဲ့မှုအပေါ် ဂမ်ဘီယာ (Gambia) နိုင်ငံ၏ ICJ တွင် တရားဆွဲဆိုမှုနှင့် ICC ၏ ဆက်လက်စုံစမ်းဖော်ထုတ်သွားမည့် လုပ်ငန်းစဉ်များ အပေါ် ကြိုဆိုခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်၏ ပြောခွင့်ရသူ နော်ဝါးခုရှီးက ပြောသည်။

၎င်းက "ဒီ ရိုဟင်ဂျာတွေ ခံစားရသလိုပဲ ကျမတို့လည်း ခံစားခဲ့ရဖူးပြီးပြီ။ ဒီအတွက် တရားမျှတမှု ရသင့်တာ ကြာပြီးဖြစ်တယ်။ ဒီလို ခံစားလာခဲ့ရတဲ့သူတွေ တရားမျှတမှု ရရှိဖို့က မလွယ်ကူသလို အခုလို တရားစွဲဆိုမှု စတင် လိုက်ခြင်းကြောင့် အဓိပ္ပာယ်က ဒီအတွက်လည်း ကျမတို့ အရင်က လှုပ်ရှားဆောင်ရွက်လာခဲ့တာ ဖြစ်တဲ့ အတွက် ကြိုဆိုထောက်ခံခြင်းဖြစ်တယ်" ဟု ကေအိုင်စီသို့ပြောသည်။

အလားတူ မြန်မာနိုင်ငံရင်ဆိုင်သွားမည့် ICJ ကိစ္စအပေါ် ပြည်တွင်း၊ ပြည်ပရောက် မြန်မာပြည်သားများအ နေဖြင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပေါ် ထောက်ခံအားပေးကြသလို ဂမ်ဘီယာနိုင်ငံ၏ တရားစွဲဆိုမှုအပေါ် ထောက်ခံမှုပေးသည့် မတူညီသော အမြင်များလည်းရှိကြောင်း တွေ့ရသည်။ http://kicnews.org/2019/12/icj%e1%80%a1%e1%80%99%e1%80%b0%e1%82%8f%e1%80%bd%e1%80%84%e1%80%b7%e1%80%

*************

## ၄။ မွန်ပြည်သစ်နှင့် ရတခဗျူဟာမှူး ဆွေးနွေးမှုအဖြေမထွက်ဘဲ ဂျပန်ရေတွင်းမှာ ဆက်လက်တပ်စွဲထား

December, 3, 2019

ထိုင်းမြန်မာနယ်စပ် ဘုရားသုံးဆူဒေသရှိ ဂျပန်ရေတွင်းမွန်ပြည်သစ်တပ်တည်စခန်းနေရာကို တပ်မတော်မှ တစ်ပတ်ကြာခန့် ဝင်ရောက်ထိန်းချုပ်ခဲ့ပြီး ပြန်လည်အပ်နှံမည့်ကိစ္စအား ဗျူဟာမှူးနှင့် မွန်ပြည် သစ်ပါတီထိပ်ပိုင်းခေါင်းဆောင်တို့ ယနေ့တွေ့ဆုံဆွေးနွေးခဲ့ရာတွင် တိကျရေရာသည့်အဖြေမထွက်ဘဲ တပ်မတော်နှင့် ကရင်နယ်ခြားစောင့် BGF တို့ မူလအတိုင်း ဆက်လက်တပ်စွဲထားဆဲဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

မွန်ပြည်သစ်ပါတီ ပြည်ပရေးရာဌာနတာဝန်ခံနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အနန်းကွင်းဗျူဟာမှူးတို့ ယမန်နေ့ဆွေးနွေးမှုအရ ဂျပန်ရေတွင်းတပ်စခန်းကို ပြန်လည်အပ်နှံရန် သဘောတူညီမှုရရှိခဲ့သည်ဟု မွန်ပြည်သစ်ပါတီက ပြောကြားခဲ့ပြီး စတင်ပစ်ခတ်မှုဖြစ်ပွားခဲ့သည့် ဟသ်ာတိုင်ဂိတ်စခန်းနေရာအတွက် ဘုရားသုံးဆူ မွန်ပြည်သစ်ပါတီဆက်ဆံရေးရုံး၌ ယနေ့ဆက်လက်ဆွေးနွေးကြခြင်း ဖြစ်သည်။

သို့ရာတွင် ဂျပန်ရေတွင်း မွန်တပ်စခန်းမှ ပြန်လည်ဆုတ်ခွာခြင်းမရှိဘဲ တပ်မတော်က ဆက်လက်အခြေပြုထားဆဲဖြစ်ကြောင်း အမည်မဖော်လိုသူ ဂျပန်ရေတွင်းရွာသားတစ်ဦးက ပြောသည်။ သို့ရာတွင် ထိုင်းမြန်မာနယ်စပ် နယ်နိမိတ်ကိစ္စကို အကြောင်းပြု၍ မွန်ပြည်သစ်ပါတီတပ်တည်စခန်း ဂျပန်ရေတွင်းရွာသို့ နိုဝင်ဘာ ၂၇ ရက်နေ့က တပ်မတော်မှ အင်အား အလုံးအရင်းဖြင့် ဝင်ရောက်ခြင်းလာခြင်းသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက် ခိုက်မှုရပ်စဲ ရေးသဘောတူစာချုပ် NCA ချိုးဖောက်သည်ဟု မွန်ပြည်သစ် ပါတီက စွပ်စွဲထားသည်။ http://burmese.monnews.org/2019/12/03/%e1%80%99%e1%80%bd%e1%80%94%e1%80%ba%e1%80%

************

၅။ **အပစ်အခတ်ရပ်စဲရေးဖြစ်စဥ်တွင်လူထုပါဝင်ခွင့်ပြုရန်ကချင်အရပ်ဖက်အဖွဲ့အစည်းများတောင်းဆို**

December, 1, 2019

အစိုးရတပ်မတော်နဲ့ ကချင်လွတ်လပ်ရေးအဖွဲ့ KIO တို့ အပစ်ရပ်လက်မှတ်ထိုးရန် ပြင်ဆင်ရာတွင် လူထုပါဝင်ခွင့်ပြုသင့်ကြောင်း ကချင်ပြည်နယ်အရပ်ဘက်အဖွဲ့အစည်းများက ထုတ်ပြန်ချက်ဖြင့် တောင်းဆိုထားသည်ကို တွေ့ရပါသည်။

ကချင်အရပ်ဘက်အဖွဲ့အစည်းများ စုပေါင်းပြုလုပ်တဲ့ ငြိမ်းချမ်းရေးဖိုရမ်ကို နိုဝင်ဘာလ ၂၃ ရက်နေ့ မြစ်ကြီးနားမြို့ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် KBC ဝင်းတွင် ပြုလုပ်ခဲ့ပြီးနောက် ယခုလို ထုတ်ပြန်လိုက်တာဖြစ်ပါတယ်။

"ငြိမ်းချမ်းရေးဆိုတဲ့လမ်းကြောင်းမှာ တက်လှမ်းနိုင်ဖို့ဆိုရင် အပစ်ခတ်ရပ်စဲရေးအဆင့်မှာဖြစ်ဖြစ် ဘယ်မှာပဲဖြစ်ဖြစ် ပြည်သူပါဝင်ရမယ်။ ပြည်သူတွေပါမှ ဒီပြည်သူတွေက သက်သေအနေနဲ့ဖြစ်သွားတဲ့အတွက် သဘောတူချုပ်ဆိုထားတဲ့အချက်တွေ ချိုးဖောက်ဖို့အတွက် ခက်ခဲသွားပြီ။ ဘာကြောင့်လဲဆိုတော့ ဒီနေ့ထိုးတယ်။ မနက်ဖြန်ပြန်ပြီး တိုက်ခိုက်နေကြမယ်ဆိုရင် စစ်ရှောင်တွေ တစ်ခါပြန်ပြီးတော့ စစ်ရှောင်ရပြန်တယ်။" ဟု ထွယ်ဂျန်ဒါဗွီ ဖြိုးရေးအဖွဲ့မှ ဆရာမဒေါ်နန်ပူ ပြောပါသည်။

စစ်ဘေးရှောင်တွေ နေရပ်ပြန်နိုင်ရေးနဲ့ ပတ်သက်တဲ့ တောင်းဆိုချက်အပြင် ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ ပြည်သူပါဝင်သင့်ကြောင်းနဲ့ သက်ဆိုင်တဲ့အချက် ၈ ချက်ကိုလည်း ထုတ်ပြန်ထားပါသည်။ https://burmese.kachinnews.com/2019/12/01/%e1%80%a1%e1%80%95%e1%80%85%e1%80%ba%e1

*************

၆။ **ရေယာဉ်ခြောက်စင်းကို AA တိုက်ခိုက်**

December, 1, 2019

ရခိုင်ပြည်နယ် ကုလားတန်မြစ်ထဲမှာ ပလက်ဝတံတားစီမံကိန်းအတွက် ဆောက်လုပ်ရေးသုံး ပစ္စည်းတင်ဆောင်လာတဲ့ ရေယာဉ် ခြောက်စင်းကို ရက္ခိုင့်တပ်တော် AA က ကမ်းပေါ်ကနေ လက်နက်ကြီး၊ လက်နက်ငယ်တွေနဲ့ ပစ်ခတ်မှုကြောင့် အရာရှိနဲ့ စစ်သည်တချို့ထိခိုက်ဒဏ်ရာရရှိခဲ့တယ်လို့ တပ်မတော်က သတင်းထုတ်ပြန်ပါတယ်။

ပလက်ဝတံတားစီမံကိန်းမှာ အသုံးပြုမယ့် သံဘောင်နဲ့ ဆောက်လုပ်ရေးပစ္စည်းတွေ တင်ဆောင်လာတဲ့ ရေယာဉ်ခြောက်စင်းဟာ စစ်တွေ-ကျောက်တော်-ပလက်ဝလမ်းကြောင်းအတိုင်း ကုလားတန်မြစ်အတွင်း မောင်းနှင်လာရာမှာ နိုဝင်ဘာ ၂၉ ရက်နေ့က တစ်ကြိမ် ဒီနေ့ ဒီဇင်ဘာ ၁ ရက်နေ့မှာတစ်ကြိမ် ရက္ခိုင့်တပ်တော် AA ရဲ့ တိုက်ခိုက်တာခံခဲ့ရတယ်လို့ တပ်မတော်က သတင်းထုတ်ပြန်တာပါ။

အရပ်ဖက်အဖွဲ့ကောက်ယူထားတဲ့ စာရင်းတွေအရ ရခိုင်ပြည်နယ်တွင်း နှစ်ဖက်တိုက်ပွဲတွေကြောင့် အရပ်သားသေဆုံးမှုဟာ ၁၀၀ နီးပါးရှိနေပြီး ထိခိုက်ဒဏ်ရာရှိသူက ၁၅၀ ကျော်ရှိနေပြီဖြစ်ပါတယ်။ https://www.rfa.org/burmese/news/aa-and-army-fighting-12012019061742.html

************

## ၇။ တောင်ကြီးခရိုင် အတွင်း ဘိန်းခင်း ဧက ၉၁၀ ကျော် ဖျက်ဆီး

December 3, 2019

သျှမ်းပြည်တောင်ပိုင်း တောင်ကြီးခရိုင်အတွင်း ဘိန်းခင်း ဧက ၉၁၀ ကျော် ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။ အောက်တိုဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁ ရက် ထိ ဖယ်ခုံမြို့နယ် အနီးတွင် ဧက ၃၁၂ နှင့် ပင်လောင်းမြို့နယ်အတွင်း ဘိန်းခင်း ဧက ၆၄၂ ဧက တို့ကို ဖျက်ဆီးခဲ့ကြောင်း မူးယစ်ရဲတပ်ဖွဲ့ ထုတ်ပြန်ချက်အရ သိရသည်။

ဘိန်းခင်းများ သွားရောက်ဖျက်ဆီးရာတွင် တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် ကျေးရွာများပူးပေါင်းပါဝင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ရေးသားထားသည်။ သျှမ်းပြည်အတွင်း ဘိန်းခင်း စိုက်ပျိုးသည့်ဒေသများမှာ သျှမ်းတောင်တွင် ဖယ်ခုံ၊ ပင်လောင်း နှင့် ဟိုပုံး မြို့နယ်တွင် အများဆုံးရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကချင်၊ ရှမ်း၊ ချင်းနှင့် ကယားပြည်နယ် တို့တွင် ကုလသမဂ္ဂ မူးယစ်ဆေးဝါး နှင့် ရာဇဝတ်ဆိုင်ရာရုံး ( UNODC) နှင့် ပူးပေါင်းကာ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေး စီမံကိန်း လုပ်ဆောင်လျက်ရှိသည်။ https://burmese.shannews.org/archives/14792

*************

## ၈။ မူလတန်းပြ ဆရာမ အသတ်ခံရမှုအတွက် တရားဥပဒေစိုးမိုးရေးအတွက်ဆန္ဒထုတ်ဖော်

December, 1, 2019

ချင်းပြည်နယ် တွန်းဇန်မြို့နယ်အတွင်းရှိ တီးဖျာလ်ဇန်ကျေးရွာတွင် အောက်တိုဘာလ ၁၇ ရက်နေ့က ချင်းလူမျိုး မူလတန်းပြ ဆရာမတစ်ဦး အသတ်ခံခဲ့ရမှုအတွက် တရားဥပဒေစိုးမိုးရေး ဒေသခံပြည်သူ ၇၀၀ ဝန်းကျင်မှ ဒီဇင်ဘာ ၁ ရက် နေ့လည်က ဆန္ဒထုတ်ဖော် တောင်းဆိုခဲ့ကြသည်။

"ကသည်းလက်နက်ကိုင်အဖွဲ့ရဲ့ ပြည်တွင်းမှာခိုလှုံမှု နောက်ဆက်တွဲ ဆိုးကြိုးတွေထဲကတစ်ခုဖြစ်တဲ့ ဆရာမကိုင်တိုင် သတ်ဖြတ်ခံရတဲ့ ကိစ္စကို ဆန္ဒထုတ်ဖော်တာ ဖြစ်တယ်။ ခုလိုဆရာမတစ်ယောက် သတ်ဖြတ်ခံရတယ်ဆိုတာ ကျွန်တော်တို့အတွက် လုံခြုံရေးကစိုးရိမ်ရတယ် ချိုးဖောက်ခံနေရတယ်" ဟု ချင်းတောင်သဘာဝသယံဇာတ စောင့်ကြည့်ရေးအဖွဲ့ အမှုဆောင် တစ်ဦးဖြစ်ပြီး ဇိုမီးကျောင်းသားနှင့် လူငယ်အဖွဲ့ဝင် ကိုဇေမ်းထမ်းက မဇ္ဈိမကို ပြောသည်။

အဆိုပါ ဆန္ဒထုတ်ဖော်ပွဲတွင် " တရားမဝင် မဏိပူရ် ကသည်းလက်နက်ကိုင်များ အရေးယူပေးရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဒေသ ဝန်ထမ်းများဘဝ လုံခြုံမှု ရရှိရေး ၊စုံစမ်းစစ်ဆေးရေး ကော်မရှင် ဖွဲ့စည်းရေး အပါအဝင် အသတ်ခံခဲ့ရတဲ့ ဆရာမ ဒိမ်လွှန်မန်အတွက် တရားမျှတမှုနှင့် အမှန်တရား ပေါ်ပေါက်ရေးရေး နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံတော် အခြေခံမှု အခန်း(၁) ပုဒ်မ ၄၂(ခ) ကာကွယ်ပေးရေးတို့ကို ဆန္ဒထုတ်ဖော်သူတွေက ကြွေးကြော်တောင်းဆိုခဲ့ကြသည်။

နိုဝင်ဘာလ ၁၇ ရက်နေ့ ည ၉ နာရီ ၃၀ မိနစ် အချိန်က ချင်းလူမျိုး မူလတန်းပြဆရာမ လျာဒိမ်လွှန်မန်ကို နေအိမ်ရှေ့တွင် အိန္ဒိယမဏိပူရ်ပြည်နယ်သား ဘိနော်ဆိုသူက သေနတ်နှင့် ပစ်ခတ်ခဲ့သောကြောင့် ဆရာမမှာ နေရာမှာတင် သေဆုံးခဲ့သည်ဟု ဇိုမီးကျောင်းသားနှင့် လူငယ်အဖွဲ့က ပြောဆိုထားသည်။ http://www.mizzimaburmese.com/article/63672

## ၉။ ငှက်ပျောခြံအတွင်းတရားမဝင်လုပ်ကိုင်နေသောတရုတ်နိုင်ငံသားများကိုစီစစ်ရန် လုံခြုံရေးအရ ခက်ခဲနေ

December, 2, 2019

ကချင် ငှက်ပျောခြံများအတွင်း ခွင့်ပြုချက်မရှိဘဲ ယာယီလည်ပတ်ခွင့် BP ဖြင့် အလုပ်လုပ်နေသော တရုတ်နိ ုင်ငံသားများကို စစ်ဆေးရန်လုံခြုံရေးအားနည်းမှုကြောင့် ခက်ခဲနေကြောင်း ပြည်နယ် လဝက ဝန်ကြီးပြောပါသည်။

"ကျနော်တို့ လဝက ဥပဒေအရတော့ ယာယီလည်ပတ်ခွင့်လက်မှတ် (BP) နဲ့ ဝင်ရောက်လာတဲ့သူတွေ အလုပ်လုပ်ကိုင်ခွင့် မရှိဘူး၊ သူတို့ကလည်ပတ်ခွင့်ဘဲ။ ဒါပေမယ့် လက်ရှိငှက်ပျောခင်းတွေမှာ ယာယီလည်ပတ်ခွင့်လက်မှတ်ကိုင်တဲ့သူတွေလည်း ရှိနေတယ်လို့ ကြားနေရတယ်။ ကျနော်တို့ လဝကအနေနဲ့ကျပြန်တော့လည်း အဲငှက်ပျောခင်းတွေ ထိသွားဖို့ကျတော့ လုံခြုံအပိုင်းမှာ အခက်ခဲရှိတယ်။" ဆိုပြီး လူဝင်မှုကြီးကြပ်ရေးနဲ့လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီး ဦးဇော်ဝင်းက ဆိုသည်။

လက်ရှိ ပြည်နယ်အတွင်း တရုတ်နိုင်ငံသားအလုပ်သမားများကို ခွင့်ပြုထားသည့် Border Pass (BP) ဖြင့်ဝင်ရောက်သူ ၄ထောင်ကျော်ခန့်ရှိပြီး ၊ ယာယီအလုပ်သမားလက်မှတ်(GC) ကိုင်ဆောင်သူ ၂ထောင်ကျော်ရှိကြောင်း သိရပါသည်။

"ဒီလိုဖွဲ့ထားခြင်းအားဖြင့် တစ်ခုခုပြဿနာတွေ တက်တယ်။ အရေးအကြောင်းတွေဆိုရင် ချက်ချင်းအရေးယူဆောင်ရွက် မှုတွေ ပြုလုပ်မှာဖြစ်တယ်။" ဟု ဦးဇော်ဝင်းက ပြောသည်။ တရုတ်နယ်စပ်မြို့ဖြစ်သည့် ကချင်ပြည်နယ်တွင် ၂၀၁၁ တစ်ကျော့ ပြန်တိုက်ပွဲဖြစ်ပြီး နောက်ပိုင်း တရုတ်နိုင်ငံသားအလုပ်သမားများ ဝင်ရောက်မှုပိုများလာကြောင်း သက်ဆိုင်ရာဌာနများမှ သိရသည်။ https://burmese.kachinnews.com/2019/12/02/%e1%80%84%e1%80%be%e1%80%80%e1%80%ba%e1

**************

## ၁၀။ ပြီးခဲ့သည့်သန်းခေါင်ယံ ဂျပန်ရေတွင်းပစ်ခတ်မှုဖြစ်စဉ်တွင် မွန်ပြည်သစ်ပါဝင်ပတ်သက်ခြင်းမရှိဘဲ တပ်နှင့် BGF တိုက်ပွဲအတုဖန်တီးမှုဖြစ်နိုင်သလို အချင်းချင်းမှားယွင်းပစ်ခတ်နိုင်သည်ဟုဆို

December, 2, 2019

ထိုင်းမြန်မာနယ်စပ် ဘုရားသုံးဆူဒေသ ဂျပန်ရေတွင်းရွာအနီးတဝိုက်၌ ယခုညသန်းခေါင်ယံနှင့် နံနက်ပိုင်းအကူးချိန် လက်နက်ကြီးလက်နက်ငယ်များဖြင့် အပြန်အလှန် အဆက်မပြတ်ပစ်ခတ်နေသည့်အသံများ နာရီဝက်ခန့်အကြာ ဖြစ်ပေါ်ခဲ့ရာတွင် မွန်ပြည်သစ်တပ်ဖွဲ့ဝင်များ လုံးဝပါဝင်ပတ်သက်ခြင်းမရှိဘဲ တပ်မတော်နှင့် ကရင်နယ်ခြားစောင့်တပ်ဖွဲ့ BGF တို့ တိုက်ပွဲ အတုဖန်တီးမှုဖြစ်နိုင်သလို အချင်းချင်းမှားယွင်းပစ်ခတ်နိုင်သည်ဟုလည်း မွန်ပြည်သစ်ပါတီ NMSP တာဝန်ရှိသူများက ယူဆသည်။

မွန်ပြည်သစ်ပါတီ ဗဟိုဝန်းကျင်အုပ်ချုပ်ရေးဒေသ ဒုတိယအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး M စိုက်ချမ်းက "ညက သေနတ်သံတွေ လက်နက်ကြီးသံတွေမြည်တယ်၊ ကျနော်တို့တပ်ဖွဲ့တွေက ဗဟိုညွှန်ကြားထားတဲ့အတိုင်းပဲ မိမိရောက်ရှိနေတဲ့ နေရာမှာ ဒီအတိုင်းနေနေပြီး နေရာယူထားတာဖြစ်တယ်၊ အခုဖြစ်စဉ်မှာတော့ ကျနော်တို့တပ်ဖွဲ့ဝင်တွေ လုံးဝမပါတာ သေချာတယ်" ဟု ပြောသည်။

မွန်ပြည်သစ်တပ်ဖွဲ့၊ မိသားစုဝင်များနှင့် မှီခိုသူများ သီးသန့် နေထိုင်နိုင်ရန် ၁၉၉၅ ခုနှစ် နဝတစစ်အစိုးရနှင့် မွန်ပြည်သစ်ပါတီတို့ ပထမအကြိမ်အပစ်ရပ်သဘောတူညီချက်အရ ဂျပန်ရေတွင်းတပ်တည်စခန်းကို စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၂ ခုနှစ် ပြည်နယ်အဆင့်/ပြည်ထောင်စုအဆင့် Bilateral ဒုတိယအပစ်ရပ်သဘောတူညီချက်တွင်လည်း နိုင်ငံတော်အစိုးရနှင့် တပ်မတော် မှ ထပ်မံသဘောတူညီခွင့်ပြုထားသည့်နေရာ ဖြစ်သောကြောင့် ဤဒေသတွင် တိုက်ပွဲများမဖြစ်ပေါ်ခဲ့သည်မှာ ၂၅ နှစ်နီးပါး ပြည့်တော့မည်ဖြစ်သည်။ http://burmese.monnews.org/2019/12/02/%e1%80%95%e1%80%bc%e1%80%ae%e1%80%b8%e1%80%

## ၁၁။ အစိုးရတပ်မတော်နှင့် KIA လိုင်ဇာဌာနချုပ်အနီးတိုက်ပွဲဖြစ်

November, 30, 2019

အစိုးရတပ်မတော်နှင့် ကချင်လွတ်လပ်ရေးအဖွဲ့ KIO အဖွဲ့တို့ကြား အပစ်ရပ်သဘောတူ Bilateral လက်မှတ်ထိုးရန် ကြိုးစားနေချိန် KIO ဗဟိုဌာနချုပ်နယ်မြေ နမ်ဆန်ယန်ကျေးရွာတွင် နိုဝင်ဘာ ၂၉ ရက်နေ့ တိုက်ပွဲ ဖြစ်ပွားခဲ့ကြောင်း သိရပါသည်။

တပ်မတော် ခလရ (၁၄၁) နှင့် ကချင်လွတ်လပ်ရေးတပ်မတော် KIA ဌာနချုပ် တပ်မဟာ (၅ ) အောက် ပေါင်စေး (PAU SE) တပ်ရင်းစခန်းတွင် ယမန်နေ့ မနက်ပိုင်း ၁၁ နာရီခန့်တွင် ထိတွေ့ တိုက်ပွဲ ဖြစ်ပွားခဲ့ကြောင်း KIA ရှေ့တန်းသတင်းများတွင် ဖော်ပြထားပါသည်။ နမ်ဆန်ယန်ကျေးရွာ၏ အနောက်ဘက် ၆ မိုင်ခန့်အကွာတွင် တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း အဆိုပါကျေးရွာ ဒေသခံ တစ်ဦးက ကချင်သတင်းဌာန KNG ကိုပြောပါသည်။

ယခုကဲ့သို့ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနေစဉ် တပ်မတော်ဘက်မှ စစ်ရေးလုပ်ရှားမှုများ ပြန်လည် ပြုလုပ်လာသည်မှာ ငြိမ်းချမ်းရေးကို အထောက်အကူမပြုကြောင်း ကချင်ပြည်နယ် ပြည်သူ့ပါတီ KSPP ဥက္ကဌ ဒေါက်တာတူးဂျာ သုံးသပ်ပြောဆိုပါသည်။

မြန်မာ့တပ်မတော်မှ ရခိုင်ပြည်နယ်မြောက်ပိုင်း ရိုဟင်ဂျာလူမျိုးများအပေါ် ကျူးလွန်ခဲ့သည့် လူမျိုးတုံးသတ်ဖြတ်မှုအတွက် မြန်မာနိုင်ငံကို ဂမ်ဘီယာနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ တရားရုံး ICJ တွင် တရားစွဲဆိုထားမှုကို ထောက်ခံကြောင်းနှင့် သက်သေအထောက်အထားများကိုလည်း ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိကြောင်း မြောက်ပိုင်းမဟာမိတ်အဖွဲ့က နိုဝင်ဘာ ၂၈ ရက်နေ့ ထုတ်ပြန်ထားပါသည်။ https://burmese.kachinnews.com/2019/11/30/%e1%80%a1%e1%80%85%e1%80%ad%e1%80%af%e1%

************

## ၁၂။ ဒေါနအရှေ့ခြမ်း၌ ကလေးအခွင့်အရေး ကာကွယ်စောင့်ရှောက်မှု ယန္တရားတစ်ခုပေါ်ပေါက်လာရေး CPPCR လုပ်ဆောင်သွားမည်

November 30, 2019

ကရင်ပြည်နယ် ဒေါနအရှေ့ခြမ်း၌ ကလေးအခွင့်အရေး ကာကွယ်စောင့်ရှောက်မှုယန္တရားတစ်ခု ပေါ်ပေါက် လာရေး ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကလေးအခွင့်အရေး ကာကွယ်စောင့်ရှောက်မှု ကော်မတီ (CPPCR)က ယမန်နေ့ ( နိုဝင်ဘာ ၂၉ ရက်) ထိုင်းနိုင်ငံ၊ မဲဆောက်မြို့တွင် ပြုလုပ်သည့် ၎င်းတို့၏ (၈)ကြိမ်မြောက်ညီလာခံအပြီးဆုံးဖြတ်ခဲ့သည်။

ထိုင်း-မြန်မာနယ်စပ်တွင် ကလေးအခွင့်အရေးကာကွယ်စောင့်ရှောက်မှု လုပ်ငန်းအဓိက လုပ်ဆောင်နေသည့် CPPCR အနေဖြင့် မြန်မာနယ်စပ်မြို့ မြဝတီမြို့မှစ၍ ဒေါနအရှေ့ခြမ်းဒေသများတွင် ကွန်ယက်များ တိုးချဲ့၍ ကာကွယ်စော င့်ရှောက်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း CPPCR၏ အထွေထွေအတွင်းရေးမှူး ဦးအောင်စိုးက ပြောသည်။

CPPCR ၏ ညီလာခံကို ၂ နှစ်တစ်ကြိမ်ပြုလုပ်ခြင်းဖြစ်ပြီး ယမန်နေ့ပြုလုပ်သည့် အစီအစဉ်တွင် မြန်မာနှင့် ထိုင်း နိုင်ငံအတွင်းရှိ ကလေးအခွင့်အရေးဆိုင်ရာ ဥပဒေများအပေါ် ဆွေးနွေး ခြင်း၊ အစီရင်ခံစာများကို တင်ပြ ဆွေးနွေးခြင်း၊ CPPCR၏ ဖွဲ့စည်းပုံများကို ပြန်လည် သုံးသပ်ခြင်းအပြင် ရှေ့လုပ်ငန်းစဉ် စီမံချက်များရေးဆွဲခြင်း၊ ကော်မတီ၏ ဦးဆောင်အဖွဲ့များကို ပြန်လည်ရွေးချယ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ http://kicnews.org/2019/11/%e1%80%b1%e1%80%92%e1%80%ab%e1%80%94%e1%80%a1%e1%80

## ၁၃။ ယခုနှစ်မှစတင်ကာ အခြေခံပညာအထက်တန်းပြီးဆုံးကြောင်းလက်မှတ်ပေးရန် စီစဉ်နေ

December, 4, 2019

အခြေခံပညာ အထက်တန်းဖြေဆိုပြီးသည့် ကျောင်းသူ/သားများအား စာမေးပွဲ အောင်မြင်သည်ဖြစ်စေ မအောင်မြင်သည်ဖြစ်စေ အထက်တန်းအဆင့်ပြီးဆုံးကြောင်း လက်မှတ်များကို ယခုနှစ်မှစတင်ကာ ပေးအပ်တော့မည်ဖြစ်ကြောင်း ကချင်ပြည်နယ်ပညာရေးဌာနမှ သိရပါသည်။

"အထက်တန်း မအော င်နိုင်တဲ့ ကလေးတွေအတွက် အပြင်မှာအလုပ်ရှာတဲ့ချိန်မှာ အလုပ်ကိုင်အခွင့်အလမ်းတွေ မရနိုင်ဘူး။ အဲဒါကြောင့်ဆယ်တန်းကို အဲဒါကြောင့်မို့ ဒီအထက်တန်းပြီးဆုံးကြောင်း လက်မှတ်ပေးလိုက်ခြင်း အားဖြင့် သူတို့ရဲ့အသက်မွေးဝမ်းကျောင်းပညာတွေ၊ အလုပ်အကိုင်တွေ ရရှိအောင်ဆိုပြီး ပေးရင ခြင်းဖြစ်တယ်လို့ ပြည်ထောင်စုက နေ သိရပါတယ်။" ဟု ဒေါ်ခင်သန်းနွဲ့ထံမှ သိရသည်။

ယခုစနစ်ကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် စတင်မည်ဖြစ်ပြီး၊ ယခင်နှစ်အထိတွင် တက္ကသိုလ်ဝင်တန်း အောင်မြင်သော သူများကိုသာ အောင်လက်မှတ်သာပေးအပ်လေ့ရှိပါသည်။ သို့သော်လည်း အခြေခံပညာအထက်တန်း အဆင့်ပြီးဆုံးကြောင်း လက်မှတ်ရရှိရန် ပြည်ထောင်စုမှ စံသတ်မှတ်ချက် (၇)ချက်နဲ့ လမ်းညွှန်မှုများ ရှိကြောင်း သိရပါသည်။ https://burmese.kachinnews.com/2019/12/04/%e1%80%9a%e1%80%81%e1%80%af%e1%80%

************

## ၁၄။ AA အဖွဲ့မှ ချင်းပြည်နယ်၏ဒေသဖွံ့ဖြိုးမှုကို မလိုလားသည့် စိတ်ဓာတ်ပေါ်လွင်ဟုစည်ပင်ဝန်ကြီး ဦးစိုးထက်မှပြော

December 3, 2019

ပလက်ဝ- ဖိုရမ်ပူလမ်းစီမံကိန်အတွက် ယာဉ်ယန္တရားများ တင်ဆောင်လာသည့် သင်္ဘောကို AA အဖွဲ့မှ ချောင်းမြောင်းပစ်ခတ်ခြင်းမှာ ချင်းပြည်နယ်၏ ဒေသဖွံ့ဖြိုးမှုကို မလိုလားသည့် စိတ်ဓာတ်ပေါ်လွင်ကြောင်း ချင်းပြည်နယ်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ စည်ပင်ဝန်ကြီး ဦးစိုးထက်မှပြောသည်။

ရက္ခိုင့်တပ်မတော် AA အဖွဲ့မှ နိုဝင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် ပလက်ဝ- ဖိုရမ်ပူ လမ်းစီမံကိန်းတွင် အသုံးပြုရန် မြေတူးစက်သုံးစီး၊ မြေကော်ယာဉ် တစ်စီးနှင့် မြေညှိစက်တစ်စီး တင်ဆောင်ထားသည့် ပင်လယ်မင်းသမီး ဇက်သင်္ဘောကို AA အဖွဲ့မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ် တားဆီးခဲ့ကြောင်း သိရသည်။

ပလက်ဝ- ဖိုရမ်ပူ လမ်းစီမံကိန်းအတွက် သယ်ဆောင်လာသည့် သင်္ဘောကို တားစီးပြီးနောက် AA အဖွဲ့ဝင်များက သင်္ဘောပေါ်သို့ ရောက်ရှိလာပြီး ရေယာဉ်အမှုထမ်းများကို လက်ပြန်ကြိုးတုပ်၍ ကမ်းပေါ်သို့ ခေါ်ဆောင်စစ်ဆေးမှုများ ပြုလုပ်ပြီး လက်ကိုင်တယ်လီဖုန်းလေးလုံးနှင့် ငွေကျပ်သုံးသိန်းခန့်အား ယူဆောင်ပြီး ပြန်လည်စေလွှတ်ပေးခဲ့ကြောင်းလည်း သိရှိရသည်။ https://www.chinworld.org/2019/12/03/aa%e1%80%a1%e1%80%96%e1%80%bd%e1%80%b2%e1%80

***********

## ၁၅။ နန်ကျင်စီမံကိန်းလယ်ယာမြေနစ်နာကြေးမရပါကလူထုဆန္ဒဖော်ထုတ်သွားမည်ဟုဆို

December, 4, 2019

မြစ်ကြီးနားမြို့အနောက် ၈ မိုင်အကွာ နန်ကျင်စီးပွားရေးဇုန် စီမံကိန်းအတွင်းပါဝင်နေသည့် ဒေသခံများ၏ လယ်ယာမြေအတွက် နစ်နာကြေးများမရရှိပါက လူထုဆန္ဒထုတ်ဖော်သွားမည်ဖြစ်ကြောင်း နန်ကျင်ဒေသခံများ ဆိုသည်။

ပြည်နယ်အစိုးရမှ ၎င်းတို့ကို ကျူးကျော်အဖြစ်သတ်မှတ်ထားသဖြင့် MOA လက်မှတ်မထိုးမီ နန်ကျင်ဒေသခံများအနေဖြင့် ဆန္ဒထုတ်ဖော်လိုသော်လည်း တရားဥပဒေလမ်းစဉ် မသိခြင်းကြောင့် အသစ်ဖွဲ့စည်းလိုက်သော ကချင်ပြည်နယ် လူထုလယ်ယာမြေကော်မတီ နှင့် ပူးပေါင်းတိုင်ပင်ဆွေးနွေးနေကြောင်း သိရပါသည်။

မြစ်ကြီးနားစီးပွားရေး ဖွံ့ ဖြိုးရေးဇုန် စီမံကိန်း ဘက်စုံပူးပေါင်းညှိနိုင်းဆောင်ရွက်ရေး ကော်မတီ (MEDZC) နှင့် တရုတ်နိုင်ငံ ယူနန် ထိန်ချုံးဟိန်ယုံ ရင်နီးမြှုပ်နှံမှု ကုမ္ပဏီလီမိတက် (YTHIC) တို့ဖော်ဆောင်မည့် အဆိုပါစီမံကိန်းအတွက် မြေဧက ၄၇၀၀ ကို အသုံးပြုမည်ဖြစ်သည်။

"ဒီကိစ္စနဲ့ပက်သက်ပြီး ဘယ်သူ့ကိုဘယ်လိုမေးပြီး ဘယ်လိုလုပ်ရမယ်ဆိုဒါကို မသိသေးဘူး။ အခုမှ KNC ပါတီနဲ့ တိုင်ပင်နေကြပြီး ဆန္ဒပြဖို့စီစဉ်နေပေမဲ့ ဆန္ဒပြဖို့တောင် ရွာက လူတွေက ဘာအကြောင်းမသိလို့ အား လုံးကြောက်နေကြပြီး ဘယ်လိုစရမှန်းတောင် မသိဘူး။" ဟု နန်ကျင်ဒေသခံ ဒေါ် မရန်ကိုင်ဘူက ပြောပါသည်။

တရုတ်ယူနန်ထိန်ချုံးဟိန်ယုံ ကုမ္ပဏီနှင့် ကချင်ပြည်နယ်အစိုးရတို့ကြား စီမံကိန်းအပြန်အလှန်နားလည်မှုစာချွန်လွှာ MOU ကို ၂၀၁၈ မေလ ၈ ရက်နေ့ လက်မှတ်ထိုးခဲ့သည်။ MOA သဘောတူစာချုပ်အဆင့်ကိုမူ ၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းတွင် လက်မှတ်ထိုးရန်ဆွေးနွေးနေကြောင်း သိရသည်။ https://burmese.kachinnews.com/2019/12/04/%e1%80%94%e1%80%94%e1%80%ba%e1%80%80%e1

************

## ၁၆။ လွှတ်တော်ကိုယ်စားလှယ် ဦးဝေ ပု့တင်းအား ပြန်လွှတ်မပေးပဲ ဆက်လက်ထိန်းသိမ်းထားမည်ဟု AA ပြောရေးဆိုခွင့်ရှိသူပြော

December 4, 2019

နိုဝင်ဘာလ ၃ ရက်နေ့က အဖမ်းခံထားရသည့် ချင်းပြည်နယ် ပလက် ဝမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေ့ပု့တင်းအား လုံခြုံရေးအခြေအနေအရ ပြန်လွှတ်ပေးအုံးမည်မဟုတ်ပဲ ဆက်လက်ထိန်းသိမ်းထားအုံးမည်ဖြစ်ကြောင်း ရက္ခိုင့်တပ်မတော် (AA) ပြောရေးဆိုခွင့်ရှိသူ ခိုင်သုခကပြောသည်။

ခိုင်သုခက " ဦးဝေ့ပု့တင်းကိုတော့ လုံခြုံရေးအရ ဆက်လက်ထိန်းသိမ်းထားမှာဖြစ်တယ်။ ဦးဝေ ပု့တင်းဟာရန်သူ ဗမာစစ်တပ်ဖက်ရပ်တည်ပြီး ဆောင်ရွက်ပေးနေတာရှိတယ်။ ထောက်လှမ်းရေးသတင်းအချက်အလက်ကို လုပ်ပေးတာရှိတယ်။ ကျွန်တော်တို့ကို ဂုဏ်သိက္ခာအရ၊ နိုင်ငံရေးအရ ကျွန်တော်တို့ကိုနောက်ကွ ယ်က လုပ်နေတာရှိတယ်။ ရခိုင်မျိုးနွယ်စုထဲမှာလည်း ဘာသာရေး၊ လူမျိုးရေးအရ သွေးထိုးလုပ်ဆောင်ခဲ့တာရှိတယ်" ဟုပြောသည်။

ဒီဇင်ဘာလ (၃) ရက်နေ့တွင် ဦးဝေ ပု့တင်းအဖမ်းခံရမှုမှာ တစ်လကြာမြင့်ပြီဖြစ်သည်။ ဦးဝေ့ပု့တင်းအနေဖြင့် အပြစ်ရှိကြောင်း သက်သေအထောက်အထားများရရှိထားခြင်းကြောင့် ဆက်လက်ထိန်းထိမ်းရခြင်းဖြစ်ကြောင်း၊ သူနှင့်ပတ်သက်ပြီး ရပ်တည်ပေးသည့် မည်သည့်အဖွဲ့အစည်းကိုမဆို လက်ခံမည်မဟုတ်ကြောင်း ခိုင်သုခကပြောသည်။

အဆိုပါပြောဆိုချက်အပေါ် ချင်းလူ့အခွင့်အရေးအဖွဲ့၏ Deputy Executive Director ဖြစ်သူ ဆလိုင်းဇအုပ်လိန်းက "ကျွန်တော်တို့ဖက်က ထုတ်ပြန်တာက အချက်အလက်နဲ့ဖြစ်တယ်။ တကယ်ပျောက်သွားတဲ့သူတွေအရေးဖြစ်တယ်။ ကျွန်တော်တို့ဖက်က စိတ်အားထက်သန်စွာလုပ်နေတာက ပျောက်သွားတဲ့သူတွေရဲ့လုံခြုံရေးကိစ္စဖြစ်တယ်။ အေအေ ပလက်ဂ ဖက်မှာလှုပ်ရှားလာတာ ၂၀၁၅ ကတည်းက ဖြစ်တယ်။ သူတို့ကျူးလွန်တဲ့ အကြမ်းဖက်မှုတွေကို မှတ်တမ်းယူတာလည်းမနည်းတော့ဘူး။ မှတ်တမ်းလည်းအများကြီးပဲ။ ကျွန်တော်တို့တောင်းဆိုတာရှင်းတယ်။ ဖမ်းစီးတာတွေကို ပြန်လွှတ်ဖို့ နဲ့ ကျန်းကျန်းမာမာရှိဖို့ပဲ။ ကျွန်တော်တို့အနေနဲ့ အေအေကို သွားပြီး စွပ်စွဲတာမျိုးကျွန်တော်တို့အတွက် အကျိုးမရှိသလို လုပ်စရာအကြောင်းလည်းမရှိဘူး" ဟုပြောသည်။ https://www.chinworld.org/2019/12/04/%e1%80%9c%e1%82%8a%e1%80%90%e1%80%b9%e1%80%

************

## ၁၇။ မွန်ပြည်နယ်အဆင့် ကရင်နှစ်သစ်ကူးပွဲတော်ကို ဘီးလင်းမြို့နယ်တွင် ကျင်းပမည်

December 4, 2019

ကရင်နှစ် ၂၇၅၉ ခု ပြာသိုလဆန်း ၁ ရက်နေ့တွင် ကျရောက်မည့် ၈၂ နှစ်မြောက် ကရင်နှစ်သစ်ကူးနေ့ပွဲတော်ကို မွန်ပြည်နယ်အဆင့်အနေဖြင့် ဘီးလင်းမြို့နယ် ကဖိုင်းကျေးရွာတွင် ကျင်းပသွားမည်ဟု ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ တာဝန်ရှိသူထံမှ သိရသည်။

ရိုးရာယဉ်ကျေးမှုပြခန်းနှင့် အလံတင်အခမ်းအနားပြုလုပ်ကျင်းပသွားမည်ဖြစ်ပြီး မွန်ပြည်နယ် ၁၀ မြို့နယ်မှ ပြိုင်ပွဲဝင် ကရင်ဒုံးအကတစ်ဖွဲ့စီ လာရောက်ယှဉ်ပြိုင်သွားမည်ဟု မွန်ပြည်နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ အတွင်းရေးမှူးစော ဆန်းဝင်းက ဒီဇင်ဘာ ၁ ရက်နေ့ ကေအိုင်စီ သို့ပြောသည်။

လာမည့် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ကျရောက်မည့် ၈၂ နှစ်မြောက် ကရင်နှစ်သစ်ကူးနေ့ကို မွန်ပြည်နယ်အဆင့်အနေဖြင့် ၅ ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး သက်ဆိုင်ရာမြို့နယ် ကျေးရွာအသီးသီးမှာလည်း ဒေသအလိုက် နှစ်သစ်ကူးနေ့ ကျင်းပသွားမည်ဟု မွန်ပြည်နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့တာဝန်ရှိသူထံမှ သိရသည်။ http://kicnews.org/2019/12/%e1%80%99%e1%80%bc%e1%80%94%e1%80%b9%e1%80%bb%e1%80

************

## ၁၈။ ရွှေတူးဖော်မှုကြောင့် နားဟိုင်းလုံရွာသားတချို့နေအိမ်ပြောင်းရွှေ့ရ

December 4, 2019

သျှမ်းပြည် အရှေ့ပိုင်း တာချီလိတ်ခရိုင် နားဟိုင်းလုံကျေးရွာတွင် ‌ေ ဒသခံရွာသားတချို့ ‌ေ နအိမ်များပြောင်းရွှေ့နေရကြောင်း သတင်းရရှိသည်။

တာလေမြို့နယ်ခွဲ နားဟိုင်းလုံကျေးရွာတွင် ‌ေ ရွှဆက်လက်တူးဖော်နေမှုကြောင့် သဲနုန်းများမြစ်ချောင်းအင်းအိုင်နှင့် လယ်မြေများအတွင်း သောင်ထွန်းကာ မိုးရွာသွန်းပါက ရုတ်ချည်းရေကြီး ရေလျှံမှု ဖြစ်ပေါ်သဖြင့် မြစ်ချောင်းဘေးနေထိုင်သည့် နေအိမ်တချို့ ရွာအပြင်ဘက်သို့ ပြောင်းရွှေ့နေထိုင်ရကြောင်း နားဟိုင်းလုံ ဒေသခံ စိုင်းလျှိုက သျှမ်းသံတော်ဆင့်သို့ပြောသည်။

" မိုးရွာတဲ့အချိန်ရေကြီးတော့ မြစ်ဘေးမှာနေထိုင်တဲ့သူတွေက အဆင်မပြေဘူး။ အိမ်တွေ ရေလျှံတယ်။ ဒါကြောင့် သူတို့ရွာပြင်ပြောင်းနေရတာ" ဟု စိုင်းလျိုးက ပြောသည်။ ၆ နအိမ်ပြောင်းရွှေ့ ရသည့်ရွာသားများသည် လက်ရှိတွင်အခက်အခဲများစွာရင်ဆိုင်နေရကြောင်း၊ ထိုသို့ပြောင်းရွှေ့ရသည့်တိုင် သက်ဆိုင်ရာမှ လာရောက် ကြည့်ရှုပေးခြင်းမရှိကြောင်းလည်း နားဟိုင်းလုံဒေသခံများက ပြောသည်။

"ရွှေတူးတာတွေ ရပ်ပေးဖို့ ကျနော်တို့ ၆ တာင်းတယ်။ ဒီကိစ္စတွေကြောင့် ကျနော့် အဖေလည်း အသက်ပေးခဲ့ရပြီ။ ဒါပေမယ့် ဘယ်အစိုးရ တက်တက် ကျနော်တို့ကို ကြည့်ပေးတဲ့သူမရှိဘူး" ဟု စိုင်းလျိုး က ပြောသည်။ တာချီလိတ်မြို့နယ် တာလေ မြို့နယ်ခွဲအတွင်း ၆ ရွှများကို ၂၀၀၇ ခုနှစ်ကတည်းက စတင်တူးဖော် လာခဲ့ကြသည်။ https://burmese.shannews.org/archives/14802

***********

## ၁၉။ နိုင်ငံတကာအနေနဲ့ မြန်မာလူထု နစ်နာအောင်မလုပ်ဖို့ ကာဒီနယ်လ် ချားလ်စ် ဘို ပန်ကြား

December, 4, 2019

၂၀၁၇ ခုနှစ်မှာ ရခိုင်ပြည်နယ်ကနေ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်ဘက်ကို သိန်းနဲ့ချီတဲ့ ရိုဟင်ဂျာ မွတ်ဆလင်တွေ ထွက်ပြေးရတာနဲ့ပတ်သက်ပြီး လူမျိုးတုံးသတ်ဖြတ်မှု (Genocide) စွဲချက်နဲ့ မြန်မာနိုင်ငံ ရင်ဆိုင်နေရချိန်မှာ နိုင်ငံတကာအနေနဲ့ မြန်မာလူထုနစ်နာအောင် မလုပ်ကြဖို့ ကက်သလစ်ဘုန်းတော်ကြီး ကာဒီနယ်လ် ချားလ်စ် ဘိုက ပန်ကြားလိုက်ပါတယ်။

အပြစ်ကျူးလွန်သူကို အပြစ်ပေးနိုင်ဖို့ ကြိုးစားနေချိန်မှာ မြန်မာလူထုတရပ်လုံးအပေါ် သိမ်းကျုံး အပြစ်မတင်ကြဖို့နဲ့ ဒီမိုကရေစီရေးကြိုးပမ်းဖို့ ခြေလှမ်းနေတဲ့ မြန်မာကို ကမ္ဘာမှာ ဝင်ဆန့်အောင် ဝိုင်းဝန်းကူညီကြဖို့ ကာဒီနယ်လ် ချားလ်စ် ဘိုက ဒီဇင်ဘာလ ဆန်းမှာ ကြေညာချက်ထုတ်ပြန်ပြီး ပြောကြားခဲ့တာပါ။

ငြိမ်းချမ်ရေးရဖို့ တရားမျှတမှု ရှိရမှာဖြစ်သလို အမှန်တရားကို အ သိမှတ်ပြုမှ အမျိုးသား ပြန်လည်သင့်မြတ်မှု ရှိမှာဖြစ်ကြောင်းနဲ့ အခုအချိန်ဟာ အမှန်တရားကိုရော တရားမျှတရေး၊ ငြိမ်းချမ်းရေးနဲ့ ပြန်လည်သင့်မြတ်ရေးတွေအတွက် ကြိုးစားကြဖို့ အချိန်တန်ပြီ ဖြစ်ကြောင်း ကာဒီနယ်လ် ချားလ်စ် ဘိုက ပြောပါတယ်။

မြန်မာအပေါ် ဂမ်ဘီယာက လူမျိုးတုန်းသ တ်ဖြတ်မှုစွပ်စွဲချက်နဲ့ နိုဝင်ဘာလက ICJ မှာ တရားစွဲ ခဲ့သလို ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) ကလည်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ တခြား စစ်တပ်အကြီးအကဲ ၅ ဦးကို လူမျိုးတုံးသတ်ဖြတ်မှုနဲ့ လူမဆန်တဲ့ ရာဇဝတ်မှုတွေ ကျူးလွန်ကြောင်း စွပ်စွဲထားပါတယ်။ https://burmese.voanews.com/a/charles-bo-icj-rohingya-issue-/5192022.html

************

## ၂၀။ ကသည်းလက်နက်ကိုင်အကြောင်း မေးခွန်းမေးဖူးတဲ့ အမတ်အိမ် လက်ပစ်ဗုံးပစ်ခံရ

December, 3, 2019

အိန္ဒိယ-မြန်မာနယ်စပ် တမူးမြို့ဈေးတန်း ၂ ရပ်ကွက်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ်နေအိမ်ကို ဒီဇင်ဘာလ ၃ ရက် ညနေ ၇ နာရီ ခန့်က လက်ပစ်ဗုံးပစ်ခံရတယ်လို့ တမူးဒေသခံ တစ်ဦးက ပြောပါတယ်။

" ဗုံးက မကွဲတော့ ဘယ်သူမှတော့ ထိခိုက်မှုမရှိဘူး။ တပ်ကလာသိမ်းသွားတယ် " လို့ အခင်းဖြစ်တဲ့နေရာကိုရောက်ခဲ့တဲ့ တမူးမြို့ဒေသခံက ပြောပါတယ်။

လက်ပစ်ပုံးကို နေအိမ်ခြံဝင်းအတွင်း ခြံစည်းရိုးနဲ့ ၈ပေ လောက်အကွာမှာ ၎ တွေ့ရပြီး 91 အမျိုးအစားလက်ပစ်ပုံး တစ်လုံးနဲ့ ၃ ပေလောက်အကွာမှာ လက်ပစ်ပုံးကလစ်ကို ၎ တွေ့ရှိခဲ့တယ်လို့ ရဲတပ်ဖွဲ့က မှတ်တမ်းယူသွားတယ်လို့ သူက ပြောပါတယ်။ အဲဒီနေ့မှာ ဦးမောင်မောင်လတ်က အမျိုးသားလွှတ်တော် အစည်းအဝေးတက်ရောက်နေလို့ အိမ်မှာမရှိဘဲ အမေနဲ့ ညီမ ဖြစ်သူတို့ပဲ ရှိတယ်လို့သိရပါတယ်။

တမူးမြို့ပေါ်နဲ့ အနီးအနား ကျေးရွာတွေမှာ ကသည်းသူပုန်တွေ နေထိုင်နေတဲ့အတွက် ရပ်ရွာလုံ ခြုံရေး ပျက်ပြားရပြီး ဒေသခံတွေအတွက် အန္တရာယ် ကြီးကြီးမားမား ဖြစ်ပေါ်စေ တယ်လို့ တမူးအခြေစိုက် ကူကီးတိုင်းရင်းသား အရပ်ဘက်အဖွဲ့တွေက ဖွန်လတွင်းက ပြောခဲ့ပါတယ်။ ကသည်းလက်နက်ကိုင် အုပ်စုကွဲတွေကြား အနီးအနား တောတောင်တွေ၊ ကားလမ်းမပေါ်တွေမှာ တိုက်ခိုက်တာမျိုးတွေ ၂၀၀၀ ပြည့်ကျော် ကာလတွေမှာ မကြာခဏ ဆိုသလို ပေါ်ပေါက်ဖူးတယ်လို့ ဦးမောင်မောင်လတ်က ဘီဘီစီကို ပြောခဲ့ပါတယ်။ https://www.bbc.com/burmese/burma-50652265

*************

၂၁။ ပြည်တွင်း အခွန်များဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အခွန် ကျပ် ၆၇၄၈ ဘီလျံကျော် ကောက်ခံ ရရှိခဲ့ပြီး တစ်နှစ်အတွင်း အခွန်လျာထားချက်ထက် ၈ ဒသမ ၁၇ ရာခိုင်နှုန်း ပိုမိုကောက်ခံနိုင်

December, 3, 2019

ပြည်တွင်းအခွန်များဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (၂၀၁၈ ခုနှစ် အောက်တိုဘာမှ ၂၀၁၉ ခုနှစ် စက်တင်ဘာ အထိ ) အခွန် ကျပ် ၆၇၄၈ ဘီလျံကျော် ကောက်ခံရရှိခဲ့ပြီး တစ်နှစ်အတွင်း အခွန်လျာထား ချက်ထက် ၈ ဒသမ ၁၇ ရာခိုင်နှုန်း ပိုမိုကောက်ခံနိုင်ခဲ့ကြောင်း သိရသည်။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အခွန် ကျပ် ၆၅၈၆ ဘီလျံကျော် ကောက်ခံရန် မျှော်မှန်းထားခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာမှ ၂၀၁၉ ခုနှစ် စက်တင်ဘာအထိ ၁၂ လအတွင်း ကျပ် ၆၇၄၈ ဒသမ ၂၈ ဘီလျံ ကောက်ခံနိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကောက်ခံရရှိမှုတွင် နိုင်ငံပိုင်ကဏ္ဍမှ ကျပ် ၁၃၈၁ ဒသမ ၁၁၉ ဘီလျံ၊ သမဝါယမကဏ္ဍမှ ကျပ် ၁ ဒသမ ၈၆၂ ဘီလျံနှင့် ပုဂ္ဂလိက ကဏ္ဍမှ ကျပ် ၅၃၆၅ ဒသမ ၂၉၉ ဘီလျံ ပါဝင်ခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စက်တင်ဘာလကုန်အထိ အခွန်တစ်မျိုးချင်း ကောက်ခံရရှိမှု အခြေအနေမှာ ဝင်ငွေခွန် ကျပ် ၂၈၃၃ ဒသမ ၉၅၁ ဘီလျံ၊ ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၂၂၈၁ ဒသမ ၄၇၁ ဘီလျံ၊ အထူးကုန် စည်ခွန် ကျပ် ၁၄၂၉ ဒသမ ၁၂ ဘီလျံ၊ တံဆိပ်ခေါင်းခွန် ကျပ် ၅၉ ဒသမ ၇၀၉ ဘီလျံ၊ အောင်ဘာလေသိန်းဆုခွန် ၁၄၄ ဒသမ ဝ၂၈ ဘီလျံတို့ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အခွန်ကောက်ခံရရှိမှု သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ လေး နှစ်ဆက်တိုက် မြင့်တက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အနည်းငယ်ပြန်ကျကာ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြန်လည်မြင့်တက်ခဲ့သည်။ ထိုသို့ အခွန်ကောက်ခံမှုမြင့်တက် လာသော်လည်း အခွန်ရငွေနှင့် ဂျီဒီပီအချိုးသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ နှစ်စဉ်ကျဆင်းခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီ-စက်တင်ဘာ ကြားကာလတွင် အနည်းငယ်ပြန်လည်မြင့်တက်ခဲ့ကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆက်လက် ကျဆင်းခဲ့ခြင်းဖြစ်သည်။ https://news-eleven.com/arti cle/148196

************

၂၂။ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုရှင်သန်လာရေး ဓနုအမျိုးသားနေ့ အခမ်းအနားပြုလုပ်

December, 4, 2019

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့ရှိ ဘောလုံးကွင်းတွင် ဓနုတိုင်းရင်းသားများက ယဉ်ကျေးမှု၊ အမျိုးသားရေး စိတ်ဓာတ်များ ပိုမိုရှင်သန် လာစေရန်ကို ရည်ရွယ်၍ ဓနုအမျိုးသားနေ့အခမ်းအနားကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၃-၄ ရက်များက ကျင်းပခဲ့ကြသည်။

အဆိုပါ ဓနုအမျိုးသားနေ့အခမ်းအနားကျင်းပရခြင်းမှာ ဓနုတိုင်းရင်းသားများ၏ ယဉ်ကျေးမှု ဓလေ့စရိုက် ထုံးတမ်းများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊ ဓနုတိုင်းရင်းသားများ၏ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးအတွက် အမျိုးသားရေး စိတ်ဓာတ်များ ပိုမိုရှင်သန်လာစေရန်၊ ဓနုတိုင်းရင်းသားအားလုံး တစိတ်တဝမ်းတည်း စည်းလုံးညီညွတ် လာစေရန်၊ ဓနုတိုင်းရင်းသားများနှင့် တခြား ညီနောင် တိုင်းရင်းသားလူမျိုးများ ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိကာ အတူတကွ ငြိမ်းချမ်းစွာ နေထိုင်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်က မြန်မာနိုင်ငံအတွင်းရှိ ဓနုတိုင်းရင်းသားများ စုစည်းမှုနှင့် ပထမဆုံးညီလာခံ ပြုလုပ်ခဲ့ခြင်းအား အစွဲပြုပြီး ဓနုအမျိုးသားနေ့အား သတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဓနုအမျိုးသားနေ့အခမ်းအနားကို ဓနုလူမျိုးများအများဆုံး နေထိုင်ကြသည့် ရှမ်းပြည်နယ်အတွင်းက ရွာငံ၊ ပင်းတယ၊ ကလော၊ ရပ်စောက်၊ နောင်ချို ၊ တောင်ကြီးနှင့် မန္တလေး၊ ရန်ကုန် စသည့် မြို့နယ်များတွင် ကျင်းပကြကြောင်း သိရသည်။

ယခု ကျင်းပခဲ့သော ဓနုအမျိုးသားနေ့အခမ်းအနားသည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်ကို ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။ http://www.mizzimaburmese.com/article/63821

***********

၂၃။ **ကချင်ဒေသ တစ်သျှုးငှက်ပျော စိုက်ပျိုးမှု ထိန်းချုပ်ရေးအဆို လွှတ်တော် လက်ခံ**

December, 4, 2019

တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များ ကျောထောက်နောက်ခံပြုထားသည့် တစ်သျှုးငှက်ပျောစိုက်ခင်း လုပ်ငန်းများ ကချင်ပြည်နယ်တွင် အလွန်များပြားလာပြီး ဒေသခံများ၏ လူမှုဘဝ လုံခြုံမှုကိုပါ ခြိမ်းခြောက်လာသဖြင့် ယင်းလုပ်ငန်းများအား ထိန်းချုပ်နိုင်ရေး အဆိုတခုကို ယနေ့ ကျင်းပသည့် အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

ကချင်ဒေသတွင် တရုတ်တစ်သျှုးငှက်ပျောများ စိုက်ပျိုးမှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိခြင်း၊ မြေယာပြဿနာများ၊ အငြင်းပွားမှုများ ပေါ်ပေါက်လာခြင်း၊ တရုတ်ကုမ္ပဏီများ လက်အောက်သို့ မြေကော ထောင်ချီ၍ ကျရောက်သွားခြင်း စသည့် ဆိုးကျိုးများ ရှိနေကြောင်း ဒေသခံများ ပြောဆိုလာသည်မှာ ကြာပြီဖြစ်သလို ဒေသဆိုင်ရာအာဏာပိုင်များကလည်း ယခုဖြစ်စဉ်များကို ထိန်းချုပ်နိုင်ရန် နောက်ပိုင်းတွင် ကြိုးစားလာသည်။

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်တွင် ကချင်ဒေသ၌ တရုတ် တစ်သျှုးငှက်ပျောများကို စည်းကမ်းတကျ ထိန်းချုပ်နိုင်ရန်၊ ဘေးထွက်ဆိုးကျိုးများကိုကြိုတင်တားမြစ်နိုင်ရန်၊ ရသင့်သည့် အခွန်ဘဏ္ဍာများ ရရှိစေနိုင်ရန် ဌာနဆိုင်ရာအားလုံး ဟန်ချက်ညီညီ ပါဝင်ရေး အစိုးရကိုတိုက်တွန်းကြောင်းအဆိုတခုကို ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ခွန်ဝင်းသောင်းက တင်သွင်းခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်၊ မေလ ကလည်း ကချင်ပြည်နယ်၊ ဒေါ့ဖုန်းယန်မြို့တွင် ဥပဒေနှင့်မညီဘဲ တစ်သျှူးငှက်ပျောများ စိုက်ပျိုးနေသည့် ပုဂ္ဂလိကကုမ္ပဏီတခုကို အရေးမယူဘဲ မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေနှင့်အညီ တရားဝင် မြေလျှောက်ခွင့် ပြုခဲ့သည့် ဖြစ်စဉ်တခု ဖြစ်ပွားခဲ့သေးသည်။ ဒေသခံတချို့ကမူ ကချင်ဒေသတွင် တစ်သျှူးငှက်ပျော စိုက်ပျိုးခြင်းကိုလည်း လက်မခံကြဘဲ ယင်းစိုက်ခင်းများကြောင့် အိမ်မွေး တိရိစ္ဆာန်များ ထိခိုက်ခြင်း၊ ၎င်းတို့သုံးစွဲသည့် တရုတ်နိုင်ငံထုတ် ဆေးများကို ကြောက်လန့်ခြင်းနှင့် မြေဆီလွှာများ ပျက်စီးမည်ကို စိုးရိမ်လျက်ရှိသည်။ https://burma.irrawaddy.com/news/2019/12/04/209932.html

************

## ၂၄။ မိုင်းဖုန်းဘုန်းကြီးကျောင်းတွင် ဆွမ်းကပ်ပြီးအပြန် ကားမောင်းလာသည့်အမျိုးသမီး သေနတ်ပစ်ခံရ

December, 5, 2019

သျှမ်းပြည် အရှေ့ပိုင်း တာချီလိတ်မြို့နယ် မိုင်းဖုန်းကျေးရွာအုပ်စုရှိ ဘုန်းကြီးကျောင်းသို့ ဆွမ်းကပ်ပြီးအပြန် အမျိုးသမီးတဦး မောင်းလာသည့် ကားတစီး သေနတ်ပစ်ခံရကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာလ ၄ ရက် မနက်(၁၀)နာရီ တွင် အသက် ၄၀ကျော် နန်းဝမ်းလီ သည် မိုင်းဖုန်းကျေးရွာ (က) တွင် အလှူ အတန်းသွားလုပ်ပြီး အပြန်တွင် ဝမ်ပုံ ရဲစခန်း မှ ရဲသားများက ကားကို သေနတ်ပစ်ခဲ့ကြောင်း ဒေသခံများပြောကြားချက်အရ သိရသည်။

" ဘုန်းကြီးကျောင်းဆွမ်း သွားကပ်ပြီး အပြန်မှာ ရဲ ၁၀ ယောက်စောင့်တယ်။ ကျမ ကားရှေ့မှာ ကာ ၃ စီးရှိတယ်။ ရဲ တယောက်က လက်ပြတော့ ကျမ အထင် ရှေ့ကားက ပြဿနာရှိနေလို့ လက်ပြ ပြန်ဆုတ်ခိုင်းတယ်။ ကျမလည်း ကားကို ဖြည်းဖြည်းပဲ လှည့်ပြီးဆုတ်နေချိန် ရဲတွေက ကျမကို လိုက်ပြီး ပစ်တော့တာပဲ။ ကျမလည်း ကြောက်ကြောက်နဲ့ သွားလှူခဲ့တဲ့ ဘုန်းကြီးကျောင်းကို ပြန်မောင်းသွားတယ်" ဟု သေနတ်ပစ်ခံရသည့် နန်းဝမ်းလီ က သျှမ်းသံတော်ဆင့် သို့ ပြောသည်။ " ရဲ ကတော့ မူးယစ်ဆေး သယ်တဲ့ကားထင်လို့ပစ်တယ်ဆိုပြီး ပြောသွားတာပဲ။ ဒါပေမယ့် ရွာကလူတွေ၊ တရားထိုင်တဲ့သူတွေ က ထိတ်လန့်တယ်။ ကျမလည်း လန့်သွားတယ်။ မသေတာပဲ ကံကောင်းတယ်" ဟု နန်းဝမ်းလီ က ဆိုသည်။

" မိုင်းဖုန်းကျေးရွာ ပတ်ဝန်းကျင် မှာနေထိုင်တဲ့ ကျနော်တို့ ရှမ်းတွေပဲ။ နောက် ခွင့်ပြုမိန့်မရှိဘဲ ဒီလိုပစ်နေတဲ့အပေါ် ကျနော်တို့ အထက်ကို တင်ပြမယ်။ မနက် ၁၀ နာရီ ချိန်မှာ ဒီလိုပစ်တာကိုတော့ လက်မခံနိုင်ဘူး။ ကျနော်တို့ ငြိမ်ခံမယ်ဆိုရင် သူတို့ ဆက်ပြီးတော့ အနိုင့်ကျင့်မယ်" ဟု ဒေသခံ စိုင်းသန်း က ပြောသည်။

ဒေသခံကားအား ရဲတပ်ဖွဲ့ပစ်ခတ်သည့် ကိစ္စနှင့် ပတ်သက်ပြီး ရဲတပ်ဖွဲ့များကို မြန်မာနိုင်ငံတော် သမ္မတထံ စာရေးတင်ပြသွား မည်ဟုလည်း ဒေသခံများက ပြောဆိုသည်။ https://burmese.shannews.org/archives/14811

*************

## ၂၅။ ပြည်ထောင်စုအဆင့် ခွင့်ပြုမှသာချင်းပြည်နယ်၏နယ်နိမိတ်ကိစ္စများကိုဖြေရှင်းပေးနိုင်မည်ဟုဆို

December 5, 2019

ချင်းပြည်နယ် အစိုးရအနေဖြင့် နယ်နိမိန်တိုင်းတာမှုနှင့် ပတ်သက်ပြီး ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ပေးမှသာဆက်လက်ပြီး နယ်နိမိတ်သက်မှတ်ခွင့် ရမည်ဟုချင်းပြည်နယ် စိုက်/မွေး/သစ်တော ဝန်ကြီးဦးမန်ဟင်ဒါလ်းကပြောသည်။

ဝန်ကြီးဦးမန်ဟင်ဒါလ်းက "ဒါကတော့ကျွန်တော်တို့ ပြည်ထောင်စုကိုတင်ထားတယ်၊ သူတို့ကခွင့်ပြုချက်ပေးမှ လုပ်လို့ရမယ်၊ နယ်နိမိတ်ကိစ္စနဲ့တော့ ပြဿနာတော့ မရှိသေးဘူး၊ လိုအပ်ရင်တော့ လိုအပ်သလိုညှိမယ်လေ၊ ဒီအတွက် ကျွန်တော်တို့ တိုင်းတာမှု လည်းမစသေးဘူး" ဟုပြောသည်။

GS Mang က "နယ်နိမိတ်ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အမြင်ကတော့ ချင်းပြည်နယ်ကနေ စစ်ကိုင်းတိုင်းဒေသကြီးကို ကျူးကျော်တာလည်းရှိမယ်၊ စစ်ကိုင်းဖက်ကလည်း ကျူးကျော်တာရှိမယ်၊ ဆိုတော့ သူတို့ပြောတာ 1930 ခုနစ်က ပြည်ထဲရေးဌာန အမိန့်ကြော်ငြာစာအမှတ် 680 အရ နယ်နိမိတ်ဘုတ်တိုင် ပြန်စိုက်မယ် ဆိုတဲ့ဟာကို အဲဒီအတိုင်း ပြန်လုပ်ဖို့ အဆင်မပြေတဲ့ အခြေအနေမျိုးလည်း ရှိနိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျေးရွာအချို့တွေက ပြောင်းရွှေ့တာတွေရှိတယ်၊ ချက်ခြင်းပြုလုပ်နိုင်မယ့် အနေအထားလို့တော့ ကျွန်တော်မမြင်ဘူး၊ အချိန်ကာလ တစ်ခုယူပြီး နှစ်ဖက်ညှိနှိုင်းပြီးမှပဲ လုပ်လို့ရမယ်လို့ ကျွန်တော်ထင်တယ်" ဟု ဆိုသည်။

ချင်းပြည်နယ် အစိုးရအနေဖြင့် ပြည်ထောင်စုအဆင့်မှ ဖွဲ့ပေးထားသည့် နယ်နိမိတ်ပြန်လည်သတ်မှတ်ရေးကော်မတီနှင့် ပူးပေါင်းကာ နယ်နိမိတ်ဘုတ်တိုင် ပြန်လည်သတ်မှတ်ရန် လူထုတွေ့ဆုံမှုများ၊ ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ https://www.chinworld.org/2019/12/05/%e1%80%95%e1%80%bc%e1%80%8a%e1

*************

## ၂၆။ မွန်ပြည်နယ်တွင် လူငယ် ၄၀ ရာခိုင်နှုန်းကျော်ခန့် မူးယစ်ဆေး အသုံးပြုနေဟု မော်လမြိုင်ယူနီဖိုင်းအဖွဲ့ဆို

December, 5, 2019

မွန်ပြည်နယ်အတွင်းရှိ အသက် ၁၂ အထက်မှစ၍ ၂၀ ကျော်ဝန်းကျင်ကလေးနှင့် လူငယ် ၄၀ ရာခိုင်နှုန်းကျော်မှာ မူးယစ်ဆေးဝါး အသုံးပြုနေကြောင်း မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မွန်ပြည်နယ်) ဥက္ကဋ္ဌ ဦးဇော်မိုးအောင်က ဒီဇင်ဘာလ ၅ ရက်နေ့တွင် ပြုလုပ်သည့် "Youth Against Drugs Forum" တွင် ပြောဆိုခဲ့သည်။

"ဆေးစွဲသူတွေရဲ့ အခြေအနေက တော်တော်ဆိုးဝါးနေတယ်လို့ ကျနော်မြင်ပါတယ်၊ ဘာလို့လည်းဆိုတော့ ကလေးတွေက အစာ အသက် ၁၀ အစွန်း ၁၂ ကနေပြီးတော့ အပေါ်ပိုင်းအထိ လူငယ်တော်တော်များများက မူးယစ်ဆေးစွဲနေတာကို တွေ့ရပါတယ်၊ မွန်ပြည်နယ်မှာတော့ ၄၀ ရာခိုင်နှုန်းကျော်လောက် ရှိပါတယ်" ဟု ဦးဇော်မိုးအောင်က ပြောသည်။ သို့ရာတွင် မွန်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲသည့်ပမာဏကို သက်ဆိုင်ရာမှ တရားဝင်ထုတ်ပြန်ခဲ့ခြင်း မတွေ့ရပေ။

အဓိက အသက် ၁၀ နှစ်ကျော် ကလေးငယ်များ အသုံးပြုနေခြင်းမှာ ပညာရေး တစ်ပိုင်းတစ်စဖြစ် ကျောင်းထွက်လိုက်သည့် ကလေးငယ်များ၊ တစ်နေ့လုပ်တစ်နေ့စား လူငယ်များနှင့် မိသားစု အခက်အခဲဖြစ်နေသည့် ကလေးငယ်အချို့မှာ နေ့လည်ပိုင်း ဝမ်းစားအတွက် ကော်ရှူ၍ ထမင်းတစ်နပ်ကို လျော့၍ မိသားစုကို ထောက်ပံ့နေသည့် ကလေးငယ်များလည်းရှိကြောင်း ၎င်းက ဆက်ပြောသည်။

မော်လမြိုင် ယူနီဖိုင်းအဖွဲ့မှ ပြုလုပ်သည့် ဒေသခံလူမှုအသိုက်အဝန်းအပေါ် သက်ရောက်မှုတွေရှိနေသည့် မူးယစ်ဆေး ပြဿနာနှင့် ပတ်သက်၍ ဒေသခံလူငယ်များနှင့်အတူ မူးယစ်ဆေးအကြောင်း အသိပညာပေး လှုပ်ရှားမှုတစ်ရပ်ကို မော်လမြိုင်မြို့ရှိ ဆရာဝန်များခန်းမတွင် ပြုလုပ်ခဲ့ပြီး တက္ကသိုလ်ကျောင်းသားနှင့် လူငယ်များ စုစုပေါင်း ၆၀ ကျော်ခန့် တက်ရောက်ခဲ့သည်။ http://burmese.monnews.org/2019/12/05/%e1%80%99%e1%80%bd%e1%80%94%e1%80%ba%e1%80%

*************

၂၇။ **ဝိုင်းမော်တွင် KIA နှင့် တပ်မတော် တိုက်ပွဲဖြစ် ၊ အခြေပြုစခန်းမှ အလောင်း ၁ လောင်းနှင့် KIA ထုတ် ရှော့ခ်တိုက်ဒုံး အပါအဝင် လက်နက်ခဲယမ်းများသိမ်းမိဟုဆို**

December 5, 2019 4

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်တွင် နိုဝင်ဘာ ၂၉ ရက် နေ့လယ် ၁၂ နာရီခန့် နန်ဆန်ယန်ကျေးရွာ၏ အနောက်မြောက်ဘက် ၃ မိုင်ခန့်အကွာတွင် ကချင် KIA အဖွဲ့နှင့် တပ်မတော်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး KIA အခြေပြုစခန်း ၁ ခုကို သိမ်းဆည်းလိုက်ကြောင်း တပ်မတော်က သတင်းထုတ်ပြန်သည်။

တပ်မတော်က သိမ်းပိုက်လိုက်သည့် အခြေပြုစခန်းမှ KIA ယူနီဖောင်းဝတ် အလောင်း ၁ လောင်း၊ KIA အဖွဲ့မှ ထုတ်လုပ်သော ၁၀၇ မမ ရှော့တိုက်ဒုံးပစ်စင် ၁ ခုနှင့် ၎င်းဒုံးသီး ၁ လုံး၊ ၆၀ မမ စိန်ပြောင်း ၁ လက်၊ ၆၀ မမ ဗုံးသီး ၄ လုံး၊ အမ်- ၂၂ သေနတ် ၄ လက်၊အမ်-၂၂ ကျည်အိမ် ၂၄ ခု၊ အမ်-၂၂ ကျည် ၂၁၆ တောင့်၊ လလက်ပစ်ဗုံး ၂ လုံး၊ ရီမုခလုတ် ၁၉ ခု၊ ဆားကစ်ပြား(ဓာတ်ခဲအပါ) ၂၂ ခု၊ မှန်ပြောင်း ၁ လက်၊ အိုင်ကွန် ၂ လုံး၊ လူနေတဲ ၁၂ လုံလုံး၊ ပစ်ကျင်း ၂၀ ကျင်းနှင့် ဆက်စပ်ပစ္စည်းတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း တပ်မတော်ဘက်က သတင်းထုတ်ပြန်ထားသည်။ https://www.khitthitnews.com/2019/12/%e1%80%9d%e1%80%ad%e1%80%af%e1%80%84%e1%80%b

***************

မှတ်ချက်။ သက်ဆိုင်ရာ သတင်းမီဒီယာအသီးသီးထံမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။

** ပြီး **